ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# "ဥပဒေနှင့်မလျော်ညီသော ကော့တောင်ကျွန်းလူသတ်မှု ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ပြန်ကြေငြာချက်"

နေ့စွဲ - ၂၅၊ ၁၂၊ ၂၀၁၅။

၁။ ကော့တောင်ကျွန်းလူသတ်မှုအတွက် ချမှတ်လိုက်သောဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီညွတ်ခြင်း၊ ကျန်ရစ်သူမိသားစု အခြေချနေထိုင်ရာ အင်္ဂလန်နိုင်ငံနှင့် စွပ်စွဲခံရသူတို့၏ မိခင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတို့ အနေဖြင့်လည်း စွပ်စွဲခံရသူများအတွက် ကိုယ်ချင်းစာတရားနှင့် တရားမျှတမှုရှိစေလိုခြင်းကို မဆိုစလောက်သာ ပြသခဲ့ခြင်းတို့မှာ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ) အဖို့ တုန်လှုပ်စရာပင်ဖြစ်ပါသည်။

၂။ ကိုဇော်လင်း၊ ကိုဝင်းဇော်ထွန်းတို့နှင့်ပတ်သက်သည့် စွပ်စွဲချက်နှင့် ဆုံးဖြတ်ချက်များမှာ မခိုင်လုံသည့် သက်သေအထောက်အထားများအပေါ် အခြေခံလျှက် ထိုင်းအမျိုးသားတို့၏ ဂုဏ်သိက္ခာကိုအဖတ်ဆယ်ရန်နှင့် ထိုင်းနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များနှင့် သဟဇာတကျသည့် သုခဘုံတခုဖြစ်သည်ဆိုသော ပုံရိပ်ကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာတရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဂရုမစိုက်ဘဲ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။ အဆိုပါလျစ်လျူပြုချက်များတွင် (၁) ထိုင်းဥပဒေနှင့် ဆန့်ကျင်လျှက် သက်သေခံအထောက်အထားများအား မှုခင်းဆရာဝန်များမပါရှိဘဲ စုဆောင်းခဲ့ခြင်း (၂) ခိုင်လုံသောအထောက်အထားနှင့် မျက်မြင်သက်သေမရှိဘဲ ရုံးတင်စစ်ဆေးခဲ့ခြင်း (၃) မျိုးဗီဇစစ်ဆေးသည့် နည်းစနစ်မှာ အငြင်းပွါးဖွယ်ဖြစ်ခြင်း (၄) အခင်းဖြစ်ပွါးရာနေရာကို ဝင်ထွက်သွားလာခြင်း၊ ပြုပြင်ပြောင်းလဲခြင်းမှ ကာကွယ်မထားခြင်း (၅) စွပ်စွဲခံရသူများနှင့် လျှောက်လဲချက်ပေးသူများအနေဖြင့် သက်သေခံအထောက်အထားများကို သိရှိပိုင်ခွင့်မရှိခြင်းတို့ပါဝင်ပေသည်။

၃။ "ပြီးပြည့်စုံမှုနှင့် ခိုင်လုံမှုရှိသည်"ဟု ဓားစာခံမိသားစုမှ ထင်မြင်ယူဆသော အထောက်အထားများအား လျှောက်လဲချက်ပေးသူနှင့် စွပ်စွဲခံရသူများအနေဖြင့် သိရှိပိုင်ခွင့်မရှိသည်ကိုထောက်၍ ကိုဇော်လင်းနှင့် ကိုဂင်းဇော်ထွန်းတို့၏အမှု၌ တရားမျှတမှုရှာဖွေရာတွင် အင်္ဂလန်နိုင်ငံ၏ အခန်းကဏ္ဍမှာလည်း မေးခွန်းထုတ်စရာဖြစ်နေပေသည်။ ထို့ပြင် မလွှဲမရှောင်သာ သေဒဏ်ပေးခံရမည်ဖြစ်သော ပြစ်မှုတခုအတွက် ကူညီထောက်ပံ့ခဲ့ခြင်းမှာလည်း အင်္ဂလန်အနေဖြင့် မိမိဥပဒေကို မိမိဖာသာချိုးဖောက်လိုက်ရာလည်း ရောက်ပေသည်။

၄။ မြန်မာအစိုးရအနေဖြင့် မှုခင်းဖြစ်ပွါးချိန်မှစ၍ ဥပဒေရေးရာကိစ္စများဆောင်ရွက်နိုင်ရန် တစုံတရာ ပံ့ပိုးကူညီခဲ့သော်လည်း နောက်ဆုံးချိန်တွင် ကိုဇော်လင်းနှင့် ကိုဂင်းဇော်ထွန်းတို့အား နိုင်ငံရပ်ခြားတိုင်းပြည် တခုက လူသားဆန်စွာနှင့် တရားမျှတစွာဆက်ဆံခံရဖို့ တရားဝင်ထုတ်ဖော်ပြောဆိုခြင်း ပြင်းပြသောသန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်ခဲ့ခြင်း မရှိသည်မှာလည်း မြန်မာနိုင်ငံသားအားလုံး အထူးသဖြင့် ထိုင်းရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် စိတ်နလုံးကြေကွဲ ဂမ်းနည်းဖွယ်ပင်ဖြစ်ပေသည်။

၅။ လူသားအားလုံး၏ ဂုဏ်သိက္ခာတခုတည်းကိုရှေးရှုလျှက် အများပြည်သူရှေ့မှောက်တွင် မျှတစွာ ရုံးတင်စစ်ဆေးခံပိုင်ခွင့်ရရှိစေရေးအတွက် သက်ဆိုင်ရာ နိုင်ငံအစိုးရနှင့် အမျိုးသားခေါင်းဆောင်များ၊ နိုင်ငံတကာရှိ ဥပဒေလေးစားလိုက်နာသော၊ လွတ်လပ်မှုကိုချစ်ခင်မြတ်နိုးသောသူများအနေဖြင့် တညီတညွတ်တည်း တောင်းဆိုပေးကြပါရန် ထိုင်းတရားစီရင်ရေးအဖွဲ့၏ ချွတ်ချော်တိမ်းစောင်းမှု၊ တရားမျှတမှုရှာဖွေရာ၌ အင်္ဂလန်နိုင်ငံ၏ ဘက်လိုက်ဆောင်ရွက်မှု၊ လူ့အခွင့်အရေးချိုးဖောက်ခံနေရသော မိမိနိုင်ငံသားများအား အကာအကွယ်ပေးရန် မြန်မာနိုင်ငံအနေဖြင့် စိတ်အားထက်သန်ခြင်းမရှိမှုတို့၏ ဓားစာခံဖြစ်နေသော ကိုဇော်လင်းနှင့် ကိုဂင်းဇော်ထွန်းတို့ကိုယ်စား ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံးက တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဆက်သွယ်ရန် - +၆၆ (၀) ၈၈၁ ၄၅၀ ၃၆၆